mgyoe.com



ကာတွန်းဝိဇ္ဇာ

# ဦးဘဂျမ်း

ကာတွန်းဝင်းအောင်

သရုပ်ဖော် - ကိုကိုနိုင်

အခြေခံမိတ်ဆက်စာစဉ်

အတ္ထုပ္ပတ္တိ

mgyoe.com

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္ထုပ္ပတ္တိ)

ISBN 9789997116376
BBB3
9 789997 116376
1,000.00KS

mgyoe.com

ကာတွန်းဗိဿာ ဦးဘဂျမ်း၊ ကာတွန်းဝင်းအောင်နှင့် ကိုကိုနိုင်
စာမျက်နှာ ၅၉ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အ ခြေ ခံ မိ တ် ဆ က် စ ာ စ ဉ်

# ကာတွန်းဝိဇ္ဇာ ဦးဘဂျမ်း

ကာတွန်းဝင်းအောင်၏ စာကို
ပန်းချီကိုကိုနိုင် ပုံဖော်သည်

ပထမအကြိမ် ၂၀၁၃

mgyoe.com

mgyoe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ်လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံမိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သားဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com



mgyoe.com



mgyoe.com

mgyoe.com


# [ ၁ ]

ဆရာကြီးဦးဘဂျမ်းဟာ စစ်ကြိုခေတ်နဲ့ စစ်ပြီးခေတ် နောက်ပိုင်းမှာ လျှမ်းလျှမ်းတောက် အောင်မြင်ထင်ရှားတဲ့ ကာတွန်းဆရာကြီးဖြစ်ပါတယ်။ ဆရာကြီး ဦးဘဂျမ်းရဲ့ကာတွန်းတွေကို ပြန်ဖတ်ကြည့်တဲ့အခါ ဆရာကြီးဟာ တိုင်းပြည်နဲ့ လူမျိုးအပေါ် အင်မတန် မေတ္တာ စေတနာ ကြီးမားကြောင်း တွေ့ရပါတယ်။ တိုင်းပြည်မှာ လိုအပ်နေတဲ့ လွတ်လပ်ရေး၊ ညီညွတ်ရေး၊ တရားမျှတရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးတွေအတွက် သူ့ကလောင်စွမ်းနဲ့ ခေတ်သမိုင်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့နိုင်ပါတယ်။

mgyoe.com

mgyoe.com



စာရေးဆရာမကြီး လူထုဒေါ်အမာ

mgyoe.com

mgyoe.com


ဒါကြောင့် အမေလူထုဒေါ်အမာက -

*ဦးဘဂျမ်းသည် ကိုလိုနီပညာရေးမှ ပေါက်ဖွားလာသည့် မြင်းမကျိုး၏ သား အသတိုရ် ဖြစ်လေသည်။ ထို့ကြောင့်ပင် အရင်းရှင်စနစ်၊ နယ်ချဲ့စနစ် အောက်ရှိ ပြည်သူတို့၏ ဘဝသံသရာတွင် ကိုးရိုးကားရား၊ ကမောက် ကမများ၊ ဖြစ်ချင်တိုင်း ဖြစ်ပျက်နေသည်များကို ဆိတ်ငြိမ်သော ထောင့်တစ် ထောင့်မှနေ၍ လှလှကြီး ဝအောင် သရော်၍ သွားနိုင်သူ ပြည်သူ့သား ကောင်းတစ်ယောက် ဖြစ်ပေသည်။*

*(လူထုဂျာနယ်/အမှတ် ၃၅၊ ၁၉၅၃မတ်(၁)ရက်)*

အဲဒီလို မှတ်ချက်ချရေးသားခဲ့ဖူးပါတယ်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


အဲဒီ ခေတ်အခါက ဖ.ဆ.ပ.လ အစိုးရကို ဝေဖန်တဲ့နေရာမှာ အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းတွေထက် ဆရာဦးဘဂျမ်းက ပိုပြီး လက်သံပြောင်ပါတယ်။

ဒါပေမဲ့ ဖ.ဆ.ပ.လ အစိုးရဟာ သူတို့ကို တစ်လျှောက်လုံး ဝေဖန်၊ သရော်၊ လှောင်ပြောင်ခဲ့တဲ့ ဆရာဦးဘဂျမ်းရဲ့အနုပညာကို အသိအမှတ်မပြုဘဲ မလေးစားဘဲ မနေနိုင်ပါဘူး။ ဒါကြောင့် အလင်္ကာကျော်စွာဘွဲ့ ချီးမြှင့်ခဲ့ပါတယ်။

ဒါတင်မကသေးပါဘူး။ ပြည်သူလူထုကလည်း သူတို့အသည်းစွဲ ဆရာ ဦးဘဂျမ်းကို ကာတွန်းဝိဇ္ဇာကြီးလို့ ချစ်စနိုး ခေါ်ဝေါ်သမုတ်ခဲ့ကြပါတယ်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ဆရာဦးဘဂျမ်း ဖန်တီးခဲ့တဲ့ ကာတွန်းတွေရဲ့ အကြောင်းအရာနဲ့ Idea တွေကတော့ အထက်မှာ တင်ပြထားသလို မကောင်းတာကို ပြုပြင်လိုတဲ့စိတ်၊ တစ်နည်းအားဖြင့် တိုင်းပြည်ကို တိုးတက်ကောင်းစားစေချင်တဲ့စိတ်နဲ့ ရေးခဲ့တာချည်းပါပဲ။

အကြောင်းအရာကို တင်ပြတဲ့ ပုံသဏ္ဍာန်ကလည်း ဟာသမြောက်မှု၊ အနုပညာမြောက်မှု၊ ထိရောက်မှုဆိုတာတွေကလည်း အားလုံးက လက်ဖျားခါခဲ့ကြရတယ်။ ရေးဆွဲတဲ့ အရုပ်တွေရဲ့ဇာတ်ကောင်စရိုက် ပီပြင်မှုကလည်း အံ့မခန်းပါပဲ။

mgyoe.com

mgyoe.com


ဆရာဦးဘဂျမ်းကျတော့ သူရေးဆွဲတဲ့ ကာတွန်းတွေရဲ့ အမူအရာတွေကို ကြည့်တဲ့အခါ ရှက်တာ၊ မချိပြုံး ပြုံးတာ၊ အားတုံ့အားနာဖြစ်တာ၊ စိတ်မသက်မသာဖြစ်တာ၊ စက်ဆုပ်ရွံရှာတာ စသည်ဖြင့် ရေးရခက်တဲ့ အမူအရာတွေကို ဆရာဦးဘဂျမ်းရဲ့ ကာတွန်းတွေထဲမှာပဲ တွေ့ရနိုင်တယ်လို့ အကဲဖြတ်ကြပါတယ်။



mgyoe.com

mgyoe.com


အဲဒီလို ပညာဉာဏ် ပါရမီပြည့်ဝတဲ့ ဆရာကြီးဦးဘဂျမ်းဟာ သူ့သက်တမ်းနှင့် မမျှအောင် တိုင်းပြည်ကောင်းကျိုးအတွက် အများကြီး စွမ်းဆောင်သွားနိုင်ခဲ့ပါတယ်။ အနုပညာရှင်နဲ့ သူဖန်တီးတဲ့ အနုပညာဟာ သီးခြားစီ ရှိမနေပါဘူး။ အတူယှဉ်တွဲ ဆက်စပ်နေတာပါ။



mgyoe.com

mgyoe.com



(ပဌမမြောက်)



mgyoe.com

mgyoe.com


# [ ၂ ]

အလင်္ကာကျော်စွာဘွဲ့ရ ကာတွန်းဝိဇ္ဇာဆရာကြီး ဦးဘဂျမ်းကို ၁၉၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့၊ ညောင်တုန်းမြို့မှာ အဘ ပိုးကုန်သည် ဦးဖောင်၊ အမိ ဒေါ်မြစ်တို့မှ မွေးဖွားခဲ့ပါတယ်။ သားသမီးခြောက်ယောက် ရှိတဲ့အနက်မှာ ဆရာဦးဘဂျမ်းက ပဉ္စမမြောက်ပါ။

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


ငယ်စဉ်က ညောင်တုန်းမြို့ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာကျောင်းမှာ စတင် ပညာသင်ကြားခဲ့ပြီး ရန်ကုန်မြို့ ကူရှင်ကျောင်းကို ပြောင်းရွှေ့ကာ သတ္တမတန်းမှစပြီး ပညာသင်ကြားခဲ့တယ်။ အဲဒီကျောင်းမှာပဲ ၁၀ တန်း အောင်မြင်ခဲ့ပါတယ်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ကာတွန်းဆရာကြီးတစ်ယောက် ဖြစ်လာမယ့် သူဟာ ပုံဆွဲဘာသာကို အဓိပ္ပာယ်ဘာသာအဖြစ် ယူပြီး ၁၀ တန်း အောင်ခဲ့တာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

၁၉၂၄ ခုနှစ်မှာ ရန်ကုန်ကောလိပ်သို့ တက်ရောက်ပညာသင်ကြား ခဲ့ပြီး ဥပစာတန်း ဒုတိယနှစ်မှာ ကျောင်းက ထွက်လိုက်ပါတယ်။

mgyoe.com